Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၂၉ ဦး အကျဉ်းကျခံနေရပြီး နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၄၀၈ ဦးတို့သည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပါသည်။

ဒီဇင်ဘာလ ၂၀၁၅ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြု လစဉ်အစီရင်ခံစာ

မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့် ဆက်စပ်လျက်ရှိသော သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

တစ်လအတွင်း သုံးသပ်ချက်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ စုစု ပေါင်း ၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ တက်ကြွ လှုပ်ရှားသူ ၇ ဦး ပြစ် ဒဏ်ချမှတ် ခံခဲ့ရပြီး နိုင်ငံရေး အကျဉ်းသား ၆ ဦး ပြန်လည် လွတ် မြောက် လာခဲ့ပါသည်။ နိုင်ငံရေး အကျဉ်းသား ၁၉ ဦးမှာ ကျန်းမာရေး ဆိုးဝါးလျက်ရှိ ကြောင်း သိရှိရပါသည်။

သမိုင်းတွင်သော ရွေးကောက်ပွဲပြီး၍ တစ်လကြာပြီးနောက် ပြည် သူလူထုသည် နိုင်ငံရေး လှုပ်ရှားမှုများနှင့် ၎င်းတို့၏ အခွင့်အရေး များကို တောင်းဆိုခြင်းအတွက် ဆက်လက် ဖမ်းဆီးခံနေရ သည်။

ဒီဇင်ဘာလတွင် ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံရေး လှုပ်ရှားသူ တစ်ဦး သည် Facebook စာမျက်နှာတွင် အစိုးရကို အသရေဖျက်သော ဓာတ်ပုံတင်ခဲ့သည်ဟု စွပ်စွဲခံရပြီး ပြစ်ဒဏ်ချမှတ် ခံခဲ့ရသည်။ မချောစန္ဒီထွန်းသည် ယခုလတွင် ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။ တစ်ခြားသူများသည် အလားတူသော စွဲချက်များဖြင့် ပင် အမှု ရင်ဆိုင်နေရဆဲဖြစ်သည်။

ဒီဇင်ဘာလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလူအခွင့်အရေးကော်မရှင် (MNHRC)သည် မြန်မာနိုင်ငံတွင်း အကျဉ်းသားများနှင့် အကျဉ်းထောင် များ အခြေအနေများနှင့်စပ်လျဉ်းသော ၎င်းတို့ လုပ်ဆောင်မှုများကို ညီလာခံတစ်ခု ခေါ်ယူကျင်းပခဲ့သည်။ ရက် အနည်းငယ် ကြာပြီးနောက် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ လူအခွင့် အရေးနေ့၌ အစီရင်ခံစာ တစ်စောင် ထုတ်ပြန်၍ သာယာဝတီထောင် တွင်း အခြေအနေ တိုးတက်မှုရှိစေရန် တောင်းဆိုမှုများ အပါအဝင် ၂၀၁၅ ခုနှစ် တွင်း ၎င်းတို့၏ လှုပ်ရှားမှုများ၊ ထိုအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသော ဆန္ဒပြကျောင်းသားများအတွက် ၎င်းတို့၏ ထောက်ပံ့ကူညီမှုများကို ဖော်ပြထားသည်။ မတ်လတွင် လက်ပံတန်း၌ ထိန်းသိမ်းခံခဲ့ရသော ကျောင်းသားအများအပြားသည် အကြမ်းဖက် ဖြိုခွင်းခံရပြီးနောက် ရရှိသော ဒဏ်ရာများနှင့် ထောင်တွင်းတွင် ကိုးလ ကြာထိန်းသိမ်းခံရ၍ ရရှိသော ရောဂါဝေဒနာများအတွက် ဆေးကုသမှု ခံယူရန် ဆေးရုံသို့တက်ရောက်၍ ကုသမှုခံယူနေသော်လည်း ယခုလ တွင် ဆက်လက်၍ အာမခံငြင်းပယ်ခံထားရသည်။ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် လိုအပ်သောကြောင့် ကျောင်းသားအများစုကို ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ထောင်သို့ ပြန်လည် ပို့ဆောင်ခဲ့သည်။

နိုင်ငံတစ်ကာ လူအခွင့်အရေးနေ့တွင် လူထုစုဝေးရန်ကိုလည်း ဦး ဆောင်စီစဉ်သူများကို အာဏာပိုင်များမှ မပြုလုပ်ရန် ဖိအားပေး၍ တားမြစ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က ရှမ်းပြည်နယ်တွင် မြေယာ သိမ်းဆည်းမှုကို ဆန့်ကျင် ၍ ဆန္ဒပြပွဲကျင်းပခြင်းအတွက် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု ပုဒ်မများဖြင့် တရားစွဲဆိုခံထားရသော လယ်သမား ၁၂ ဦး၏ အမှုကို ကြည့်ခြင်းဖြင့် သိမ်းဆည်းခံ လယ်မြေများ ပြန်လည်ရရှိရန် တောင်းဆို သော တောင်သူလယ်သမားများကို ဆန့်ကျင်သော ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကန့်သတ်ထားမှုများဆက်လက်ရှိနေသည်ကို ထင်ရှားစွာ မြင်နိုင်သည်။ ထိုမျှသာမက NLD အဖွဲ့ဝင်ဟောင်း၊ ထင်ရှားသော လယ်သမားအရေး လှုပ်ရှားသော မြန်မာ တောင်သူလယ် သမားသမဂ္ဂ၏ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ၊ မစုစုနွေးသည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ဆန္ဒပြမှုအတွက် ယခုလတွင် ဖမ်းဆီးခံခဲ့ရပြီး ငြိမ်းစုံစီ ဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံနေရသည်။

၂၅ ရာခိုင်နှုန်းရှိသော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ နှုတ်ထွက်ပေးရန် ဆန္ဒပြခဲ့ခြင်းအတွက် ဇူလိုင်လ ၁ ရက်နေ့တည်းက ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ရန် တိမ်းရှောင်နေသော အသက် ၂၀ အရွယ်ရှိ ကိုနန်းလင်းသည် ယခုလ တွင် ဖမ်းဆီးခံခဲ့ရသည်။ သူသည် ဆန္ဒပြကျောင်းသားနှစ်ဦးဖြစ်သော ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူတို့နှင့် အတူ ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

တက္ကသိုလ်ရှေ့ မုဒိဦးဝတွင် အစိုးရကို ဆန့်ကျင်သော ကြွေးကြော်သံများ ရေးသားခဲ့၍ ပြစ်ဒဏ်များကျခံခဲ့ပြီးသော ကျောင်းသားသုံးဦး လွတ် မြောက်ခြင်းသည် ဝမ်းမြောက်ဖွယ် သတင်းတစ်ခုဖြစ်ခဲ့သော်လည်း တစ်ခြား ကျောင်းသားတစ်ဦးဖြစ်သူ ကိုရဲရင့်ပိုင်မှူးသည် အလားတူသော ပြစ်မှုကို ကျူးလွန်ခြင်းအတွက် ဇွန်လကတည်းက တိမ်းရှောင်နေခဲ့ရာမှ ယခုလ တွင် ဖမ်းဆီး၊ တရားစွဲဆိုခြင်း ခံခဲ့ရသည်။

ကချင်ပြည်နယ်မှ အသက် ၂၅ နှစ်အရွယ်ရှိ ကိုဘရန်ရှန်းသည် ကချင် လွတ်မြောက်ရေး တပ်မတော်၏ အဆင့်မြင့်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်ဟု မှားယွင်းစွာ စွပ်စွဲခံရခြင်းကြောင့် သုံးနှစ်ကြာ ထိန်းသိမ်းခံထားရပြီး ထောင်မှနှစ်လ နောင့်နေး၍ ပြန်လည် လွတ်မြောက်လာခဲ့သည်။ အချုပ် ထဲတွင် ထိန်းသိမ်းခံထားရချိန် ဇွန်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့ တို့၌ သူနှင့် ထိန်းသိမ်းခံထားရသူ ဦးလဖိုင်ဂမ် တို့ကို စစ်တပ်ရေးရာ လုံခြုံရေး အဖွဲ့မှ ဝန်ခံစေရန် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ဦးဘရန်ရှန်း ကို လွှတ်ပေးရန် နောင့်နေးခြင်းသည် တရားရုံး အမှုတွဲများတွင် စာရေး သားမှုဆိုင်ရာ မှားယွင်းခြင်းကြောင့် ဖြစ်သည်ဟု သိရှိရသည်။

ထိန်းသိမ်းခံရခြင်းများ

မှုတ်ဆေးဖြင့် စာရေးသားသူ ဖမ်းဆီးခံရ

ဆန္ဒပြကျောင်းသား တစ်ဦးဖြစ်သူ ကိုရဲရင့်ပိုင်မှူးသည် ဇွန်လ ၂၆ ရက်နေ့တွင် မွန္တလေး ရတနာပုံတက္ကသိုလ် မြေပြင်၌ မှုတ်ဆေးဖြင့် အစိုးရကို ဆန့်ကျင်သော စာများရေးသားရာ တွင် ပါဝင်ခဲ့ခြင်းအတွက် ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ရန် တိမ်း ရှောင်နေခဲ့ရာမှ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး အိုးဘိုထောင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ အောက်တိုဘာလအတွင်းက ကျောင်းသားလေးဦးသည် ထိုဆန္ဒပြပွဲတွင် ပါဝင်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးဖြစ်သည်။ သူသည် ငြိမ်းစုံစီ ဥပဒေပုဒ်မ ၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ တို့ဖြင့် တရားစွဲဆိုခံရ မည်ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ ဇရာဝတီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

ဇွန်လတွင်း ဆန္ဒပြမှုတွင် ပါဝင်ခြင်းအတွက် ကျောင်းသားတစ်ဦး ဖမ်းဆီးခံရ

ကျောင်းသားအရေးလှုပ်ရှားသော ဒဂုံတက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ အသက် ၂၀ နှစ်အရွယ်ရှိ ကိုနန်းလင်းသည် ဇွန်လ ၃၀ ရက်နေ့တွင် လွတ်တော်တွင်း၌ ၂၅ ရာခိုင်နှုန်း၊ တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်အမတ်များ နှုတ်ထွက်ပေးရန် တောင်းဆို သော ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ခြင်းအတွက် ဇူလိုင်လ ၁ ရက်နေ့ကတည်း က တိမ်းရှောင်နေခဲ့ရာမှ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ပန်းဘဲတန်းမြို့နယ် တရားရုံးသို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ သူ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ဆန္ဒပြကျောင်းသား ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူတို့နှင့်အတူ သူ့အား အင်းစိန်အကျဉ်းထောင်တွင် ထိန်း သိမ်းထားသည်။ ၎င်းတို့သုံးဦးသည် ငြိမ်းစုံစီဥပဒေပုဒ်မ ၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ တို့ဖြင့် ကျောက်တံတားမြို့နယ် တရားရုံးတွင် တရားစွဲဆို ခံခဲ့ရသည့်အပြင် ပန်းဘဲတန်းမြို့နယ်တရားရုံး တွင်လည်း အလားတူသော စွဲချက်များဖြင့်ပင် တရားစွဲဆိုခံခဲ့ရသည်။ ကိုဇေယျာလွင်နှင့် ကိုပိုင်ရဲသူ တို့ကို ယခင်က ထိုတရားရုံးနှစ်ခုလုံးတွင် ရုံးထုတ်စစ်ဆေးခဲ့ပြီး အောက်တိုဘာလတွင်းမှ စတင်ကာ ၎င်းတို့ကို ပန်းဘဲတန်းမြို့ နယ်တရားရုံးတွင်သာ ပြောင်းလွှဲ စစ်ဆေးခဲ့သည်။ ကိုဇေယျာလွင်နှင့် ကိုပိုင်ရဲသူတို့ကို ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပန်းဘဲတန်းမြို့နယ်တရားရုံး၌ ရုံးထုတ်စစ်ဆေးခဲ့ပြီး ၎င်းတို့၏ နောက် တစ်ကြိမ်ကြားနာမှုသည် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ အီလဗင်း]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်လ၊ ဒီဗွီဘီ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ The Straits Times]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ ဇရာဝတီ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ အီလဗင်း]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ မဖျိမ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ မြန်မာတိုင်း]

ကဗျာဆရာ မောင်ဆောင်းခ ထပ်မံ တရားစွဲဆိုခံရ

သမ္မတကို အသရေဖျက်သော ကဗျာအား အောက်တိုဘာလတွင်းတွင် Facebook စာမျက်နှာ၌ ရေးသားခဲ့ခြင်းအတွက် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆/ဃ ဖြင့် တရားစွဲဆိုခံထားရသော ကဗျာဆရာ မောင်ဆောင်းခ ခေါ် ကိုစည်သူအောင်ကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ ဖြင့် ရွှေပြည်သာ မြို့နယ် တရားရုံးမှ ထပ်မံ တရားစွဲဆိုခဲ့သည်။ မောင်ဆောင်းခသည် ယခုလက်ရှိတွင် အင်းစိန် အကျဉ်းထောင်၌ ထိန်းသိမ်းခံထားရပြီး ဒီဇင်ဘာလ ၁၇ ရက်နေ့၊ ရုံးချိန်း တက်ရောက်စဉ်တွင် သူ့အား ထပ်မံတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ ဇရာဝတီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ အီလဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ The Voice/မြန်မာ]

လယ်သမားအရေး လှုပ်ရှားသူတစ်ဦး ခွင့်ပြုချက်မတင်ပဲ ဆန္ဒပြခြင်းအတွက် ဖမ်းဆီးခံရ

မြန်မာနိုင်ငံ တောင်သူလယ်သမား သမဂ္ဂ၏ ဥက္ကဋ္ဌတစ်ဦးဖြစ်သူ မစုစုနွေးသည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က တရားမဝင် ဆန္ဒပြပွဲပြုလုပ်ခြင်းအတွက် ဒီဇင်ဘာ လ ၆ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ မစုစုနွေးနှင့်အတူ တောင်သူ ရှစ်ဦးတို့ သည် ငြိမ်းစုံစီ ဥပဒေဖြင့် တရားစွဲဆိုခံခဲ့ရပြီး ဒီဇင်ဘာလ ၇ ရက်နေ့တွင် ၎င်းတို့၏ ပထမအကြိမ်ရုံးချိန်းကို ပြင်ဦးလွင်မြို့နယ် တရားရုံး၌ တက်ရောက် ခဲ့သည်။ အဆိုပါ တောင်သူရှစ်ဦးတို့သည် ထိန်းသိမ်းခံထားရခြင်းမရှိပါ။ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘို ကျေးရွာတွင် ဒေသခံလယ်သမားများ မူလပိုင်ဆိုင် သော လယ်မြေများကို စီးပွားရေး ကုမ္ပဏီများမှ သိမ်းဆည်းခဲ့ပြီး လယ်သမားများ ကို ဥပဒေမဲ့စွာ ချည်နှောင်၍ ညှဉ်းပန်းနှိပ်စက်ခြင်းကို ဆန့်ကျင်၍ ခွင့်ပြုချက် မယူပဲဆန္ဒပြခြင်းတွင် သူမသည် ပူးပေါင်း ပါဝင်ခဲ့ခြင်းဖြစ်သည်။

မစုစုနွေးသည် လယ်သမားအရေးတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ထောင်ဒဏ် ၁၂ နှစ် ကျခံခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင် သမ္မတ၏ လွတ် ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည် လွတ်မြောက်ခဲ့သည်။ သူမသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင်လည်း ပိုင်နက် ကျူး လွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် ထောင်ဒဏ် ၁၅ ရက် ချမှတ်ခံခဲ့ရသည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ မဖျိမ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ မဖျိမ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ ဒီဗွီဘီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ မဖျိမ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ The Voice/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ Frontline Defenders]

ရိုဟင်ဂျာ ပြက္ခဒိန် ပုံနှိပ်ခြင်းအတွက် ပြန်လည် ဖမ်းဆီးခံထားရသော အမျိုးသားငါးဦး တရားရုံးချိန်း တက်ရောက်

ရိုဟင်ဂျာပြက္ခဒိန်ပုံနှိပ်ခြင်းအတွက် တရားစွဲဆိုခံရပြီး ပြန်လည် ဖမ်းဆီးခြင်းခံခဲ့ရသော အမျိုးသား ၅ ဦးကို ပုဇွန်တောင်မြို့နယ် တရားရုံးတွင် ဒီဇင်ဘာလ ၁ ရက်နေ့၌ ရုံးထုတ် စစ်ဆေးခဲ့သည်။ ပုံနှိပ်ရန် လာရောက် အပ်နှံသည်ဟု စွပ်စွဲခံထားရသော ကိုအောင်ခိုင်မှာမူ တိမ်းရှောင်နေဆဲ ဖြစ်သည်။ အဆိုပါ အမျိုးသား ငါးဦးသည် ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ ဖြင့် တရားစွဲဆိုခံထားရပြီး ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပုဇွန်တောင်မြို့နယ်တရားရုံး၌ ၎င်းတို့၏ သုံးကြိမ် မြောက်ရုံးချိန်းကို တက်ရောက်ခဲ့သည်။ ပုဇွန်တောင်မြို့နယ်တရားသူကြီး ဦးနေအောင်မှ ဒီဇင်ဘာလ ၂၃ ရက်နေ့ကို ၎င်းတို့၏ နောက်တစ်ကြိမ် ရုံးချိန်းအဖြစ် သတ်မှတ်ပေးခဲ့သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်၊ ဒီဗွီဘီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ မဖွိုမ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ Fortify Rights]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ မဖွိုမ]

ထောင်ဒဏ်ချမှတ်ခံရခြင်းများ

ဆန္ဒပြ မြင်းခြံ ကျောင်းသားနှင့် ဝန်းရံသူ နှစ်ဦး ပြစ်ဒဏ်ချမှတ်ခံရ

ရန်ကုန်မြို့တွင် အမျိုးသား ပညာရေးဥပဒေကြမ်းကို ပြင်ဆင်ရန် ဆန္ဒပြလျက်ရှိသော ကျောင်းသားများကို ထောက်ခံသော အားဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သော ဆန္ဒပြပွဲ၌ ပူးပေါင်းပါဝင်ခဲ့ခြင်းအတွက် အထက်ဗမာပြည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲချုပ် ဥက္ကဟောင်း ကိုသန့်ဇင်နှင့် မြင်းခြံဒီဂရီကောလိပ်မှ ကို ဉာဏ်မြင့်သန်း တို့ကို ငြိမ်းစုံစီဥပဒေပုဒ်မ ၁၈ ဖြင့် မြင်းခြံမြို့နယ် တရားသူကြီးမှ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထောင်ဒဏ်တစ်လ ချမှတ်ခဲ့သည်။ ထို့ပြင် ကိုသန့်ဇင်သည် လက်ပံတန်းမြို့နယ်တွင် ရောက်ရှိနေသော ကျောင်းသားသပိတ်ကို အကြမ်းဖက်ဖြိုခွင်းခြင်းမပြု ရန် မြင်းခြံမြို့တွင် မတ်လ ၃ ရက် နေ့၌ ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၈ ဖြင့်ပင် ထောင်ဒဏ် တစ်လ ထပ်မံ ချမှတ်ခံခဲ့ ရသည်။ ၎င်းတို့သည် ထောင်တွင်းမှနေ၍ အမှုရင်ဆိုင်နေရသည်မှာ ကိုးလကြာ ပြီဖြစ်ပြီး ပြစ်ဒဏ်ကို ၎င်းတို့၏ ချုပ်ရက်များမှ ထုတ် နှုတ်ခံစားစေမည် ဖြစ်သည်။

၎င်းတို့သည် ကိုပါကြီး သေဆုံးမှု အမှုမှန် ပေါ်ပေါက်ရန် ဆန္ဒပြခြင်းအတွက် ငြိမ်းစုံစီ ဥပဒေ ပုဒ်မ ၁၈၊ လက်ပံတန်း ကျောင်း သားသပိတ်ကို ရက်စက်စွာ ဖြိုခွင်းခဲ့ခြင်းနှင့် ပတ်သက်ပြီး မတ်လ ၂၇ ရက်နေ့တွင် ဆန္ဒပြခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၅၀၅/ခ တို့ဖြင့် အမှုရင်ဆိုင်နေရသည်။ ၎င်းတို့သည် မတ်လကတည်းက မြင်းခြံအကျဉ်းထောင်တွင် ထိန်းသိမ်း ခံထားရသည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ ဒီဗွိဘီ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ လွတ်လပ်သော အာရုအသံ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ အီလဲဗင်း/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ အီလဲဗင်း]

မချောစန္ဒီထွန်း ကို ဆက်သွယ်ရေး ပုဒ်မအတွက် ထောင်ဒဏ် ခြောက်လ ချမှတ် ခံရ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဝိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓာတ်ပုံနဲ့ သရော်ထားတဲ့ စာသားတွေကို ဖေ့ဘွတ်စ်မှာ တင်ခဲ့တဲ့အတွက် မချောစန္ဒီထွန်း ခေါ် ချစ်သမီး ကို ဇရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တရားရုံးက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)နဲ့ ထောင်ဒဏ် ၆ လ ကျခံဖို့ ဒီကနေ့ အမိန့်ချလိုက်ပါတယ်။
အသရေဖျက်မှုပုဒ်မ ၅၀၀ ဖြင့် စွဲဆိုခံထားရသည့် အမှု ကို ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ပယ်ဖျက်ပေးခဲ့သည်။ မချောစန္ဒီထွန်းမှ တပ်မတော်၏ ယူနီဖောင်းသည် ဒေါ်အောင်ဆန်းစုကြည် ဝတ်ဆင်ထား သော ထမီအရောင်နှင့် တူညီသည်ဟု နှိုင်းယှဉ်ထားသော ပုံအား သူမ ၏ Facebook စာမျက်နှာတွင် တင်ခဲ့ခြင်းမဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီး သူမ၏ Facebook စာမျက်နှာသည် အကြမ်းများစွာ ဖောက်ထွင်းခံခဲ့ရ သည်ဟု ပြောကြားခဲ့သည်။ သူမကို ဇရာဝတီတိုင်းတွင်းရှိ မအူပင် ထောင်သို့ ပို့ဆောင်ခဲ့သည်။ သူမ၏ မိခင်ဖြစ်သူ ဒေါ်အိစံမှ ရှေ့နေ ဖြစ်သူ ဦးရောဘတ်စန်းအောင်သည် အယူခံဝင်ရန် အစီအစဉ်ရှိသည်ဟု ပြောကြားခဲ့သည်။ သူမသည် Facebook နှင့် ပတ်သက်၍ အသရေဖျက် မှုဖြင့် ပထမဦးဆုံး ပြစ်ဒဏ်ကျခံရသူ ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ မဖျိမ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဒီဗွိဘီ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဝွိအိုအေ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဇရာဝတီ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ လွတ်လပ်သော အာရုအသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဒီဗွိဘီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဇရာဝတီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ အီလဲဗင်း]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ Foreign Policy]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ Der Westen/German]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ New York Post]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ Anadolu Agency]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ Bangkok Post]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ ဇရာဝတီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ အီလဲဗင်း]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ မဖျိမ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော မြန်မာ့အသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ မဖျိမ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ မဖျိမ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ The Voice/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ ဇရာဝတီ/မြန်မာ]

ထောင်ဒဏ် ကျခံနေရသော တက်ကြွလှုပ်ရှားသူ နှစ်ဦး ပုဒ်မ ၁၉ ဖြင့် ပြစ်ဒဏ် ထပ်မံချမှတ်ခံရ

ထောင်ဒဏ် ကိုးလနှင့် ထောင်ဒဏ် သုံးနှစ်နှင့်တစ်လ အသီးသီးကျခံ နေရသူများဖြစ်ကြသော ကိုကျော်ဆွေနှင့် ကိုဝင်းလှိုင်တို့ကို ငြိမ်းစုံစီ ဥပဒေပုဒ်မ ၁၉ ဖြင့် ပြည်မြို့ နယ်၊ အမှတ် (၁) တွဲဖက် တရားရုံးမှ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အလုပ်ကြမ်း နှင့်ထောင်ဒဏ် တစ်လကျခံ စေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့သည် လက်ပံတန်း ကျောင်းသား သပိတ်ကို အကြမ်းဖက်ဖြိုခွင်းမှုနှင့် ပတ်သက်ပြီး သမ္မတနှင့် ပဲခူးတိုင်း ဝန်ကြီးချုပ်တို့ကို ဆန့်ကျင်သည့် ခွင့်ပြုထားခြင်းမရှိသော ကြွေးကြော်သံများကို မတ်လ ၁၇ ရက်နေ့၊ ဆန္ဒပြပွဲတွင်း ကြွေးကြော်ခဲ့သည့်အ တွက် တရားစွဲဆို ခံခဲ့ရခြင်းဖြစ်သည်။
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ]

ဆုတောင်းပွဲ ပြုလုပ်ခြင်းအတွက် သတင်းထောက်ချုပ်တစ်ဦး ပြစ်ဒဏ် ချမှတ်ခံရ

သတင်းမီဒီယာသမားများအပေါ် ဖိနှိပ်မှု ရပ်တန့်ရန် ပြီးခဲ့သည့် နှစ် နောင်းပိုင်းတွင် ကျင်းပခဲ့သော ဆုတောင်းပွဲ၌ ပါဝင်ခဲ့ခြင်းအတွက် သမဂ္ဂဂျာနယ် သတင်းထောက်ချုပ် မရွှေမှန်ကို ပုဒ်မ ၁၉ ဖြင့် ကျောက်

တံတားမြို့နယ် တရားရုံးမှ ဒဏ်ငွေ ကျပ်တစ်သောင်း သို့မဟုတ် ထောင်ဒဏ် ၁၅ ရက်ကျခံစေရန် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

မရွေမှုန်နှင့် တက်ကြွလှုပ်ရှားသူ ၁၅၀ ခန့်သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ လ ၂ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ သတင်းသမားများ အပေါ် ရာဇဝတ်မှု ကျူးလွန်မှုများအဆုံးသတ်ရေးနေ့တွင် သတင်းမီဒီယာ သမားများကို ဆန့်ကျင်၍ အကြမ်းဖက်ခြင်း သို့မဟုတ် ထောင်သွင်း အကျဉ်းချထားခြင်းတို့ ရပ်တန့်ရေးအတွက် ဆူးလေဘုရားတွင် စုဝေး၍ ဆုတောင်းပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ ဆုတောင်းပွဲ ဦးဆောင်သူများမှ ဒေသဆိုင်ရာ အာဏာပိုင်များကို ဆူးလေဘုရားတွင် ကျင်းပရန် ခွင့်ပြုစေချင်သော်လည်း တာမွေမြို့နယ် အားကစားကွင်းတွင်သာ စုဝေးရန် ခွင့်ပြုခြင်းခံခဲ့ရသည်။ ထိုနေ့တွင်ပင် တက်ကြွလှုပ်ရှားသူများသည် ကန့်သတ်မှုများကို ဖီဆန်ရန် ဆုံးဖြတ်ခဲ့ပြီး ဆူးလေ ဘုရားဝင်း တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ထို့ကြောင့် ထိုဆုတောင်းပွဲအတွင်း သတင်းထောက် ၅၀ ဦးခန့် ဖမ်းဆီးခံခဲ့ရပြီး မရွေမှုန်တစ်ဦးတည်းသာ ခွင့်ပြုချက်မရှိပဲ ဆန္ဒပြခြင်းအတွက် ငြိမ်းစုံစီဥပဒေပုဒ်မ ၁၉ ဖြင့် ဇွန်လတွင်းတွင် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်သည်။ ခြောက်လကြာ တရားရင်ဆိုင်ပြီးနောက်တွင် အပြစ်ရှိ ကြောင်း တွေ့ရှိ၍ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပြစ်ဒဏ် ချမှတ် ခံခဲ့ရသည်။

သူမသည် အကျဉ်းကျခံရန်အတွက် အဆင်သင့်ဖြစ်နေသော်လည်း သူမ၏ မိတ်ဆွေများမှ ဒဏ်ငွေပေးဆောင်ခဲ့သည်။ မရွေမှုန်မှ သူမ၏ အကျိုး ဆောင် ရှေ့နေသည် လာမည့်ရက်များအတွင်း အယူခံဝင်လိမ့် မည်ဟု ဧရာဝတီ အွန်လိုင်းဂျာနယ်သို့ ပြောကြားခဲ့သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ Anadolu Agency]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ ဧရာဝတီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ ဒီမို့ဘီ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ အီလဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ မြန်မာတိုင်း]

အလုပ်သမားအရေး တက်ကြွလှုပ်ရှားသူ နှစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှနှစ် ချမှတ်

ရန်ကုန်မြို့၊ ရွှေပြည်သာ စက်မှုဇုံတွင် အထည်ချုပ်အလုပ်သမားများ၏ အလုပ်သမား သပိတ်တွင် ပါဝင်ခဲ့ခြင်းအတွက် ကိုသူဇော်ကြည်ဝင်းနှင့် ကိုနိုင်ဇော်ကြည်ဝင်းတို့ကို ရန်ကင်းမြို့နယ်တရားရုံးမှ ရာဇသတ်ကြီး ပုဒ်မ ၅၀၅/ခ ဖြင့် ထောင်ဒဏ် နှနှစ်ချမှတ်ခဲ့သည်။ အလုပ်သမားများသည် အလုပ်ရှင်များထံမှ လုပ်ခ၊လစာ တိုးမြှင့်ပေးရန် ဖေဖော်ဝါရီလတွင်းတွင် စတင်ကာ ဆန္ဒပြပွဲပြုလုပ်၍ တောင်းဆိုနေခဲ့ခြင်းဖြစ်ပြီး မတ်လ ၄ ရက်နေ့တွင် အဆိုပါဆန္ဒပြသူများသည် အကြမ်းဖက် ဖြိုခွင်းခြင်းကို ခံခဲ့ရသည်။ ကိုနိုင်ဇော်ကြည်ဝင်းကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အရပ်ဝတ်ရဲများမှ ဖမ်းဆီးခဲ့ပြီး သူ၏ အစ်ကိုဖြစ်သည့် ကိုသူဇော်ကြည်ဝင်း သည်လည်း မတ်လ ၄ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းတို့၏ ချုပ်ရက်များကို ပြစ်ဒဏ်မှ ထုတ်နှုတ်ခံစားစေ မည်ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ Amnesty Germany]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ ဒီမို့ဘီ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ အီလဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ ဒီမို့ဘီ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ The Voice/မြန်မာ]

နိုင်ငံရေး တက်ကြွလှုပ်ရှားသူတစ်ဦး တိမ်းရှောင်နေခဲ့ပြီးနောက် ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ခံရ

ဖမ်းဝရမ်း လေးခုထုတ်ခံထားရပြီး တိမ်းရှောင်နေသော နိုင်ငံရေး တက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သူ ကိုမျိုးသူထွဋ် သည် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် သူ၏နေအိမ်၌ ဖမ်းဆီးခံခဲ့ရသည်။ သူ့ကို ပြည်မြို့နယ် အမှတ် (၁) ရဲစခန်းတွင် ထိန်းသိမ်းထားခဲ့ပြီး ထိုနေ့နေ့လည်ပိုင်းတွင်ပင် တရားရုံးသို့ ခေါ်ဆောင်သွားခဲ့သည်။ သူ သည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့၌ ပဲခူးတိုင်း၊ ပြည်မြို့နယ်တွင် အချိုးကျလွှတ်တော်ကိုယ်စားလှယ်(PR စနစ်) ကို ဆန့်ကျင် ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်းစုံစီဥပဒေပုဒ်မ ၁၈ ဖြင့် နိဝင်ဘာလ ၁၃ ရက်နေ့တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် လေးလ ချမှတ်ခံထားရပြီးဖြစ်သည်။ သူနှင့်အတူ ကိုကျော်ဆွေ၊ ကိုကျော်ဆန်း၊ ကိုဝဏ္ဏ၊ ကိုမောင်မောင်တိုး တို့ကို ပဲခူးတိုင်း အနောက်ပိုင်း၊ ပြည်မြို့နယ်တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က သူသည် ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ အီလဗင်း/မြန်မာ]

ညှဉ်းပန်းနှိပ်စက်ခံရ၍ ပြစ်မှု ကျူးလွန်ကြောင်း ဝန်ခံပြီးနောက် မူစလင်အမျိုးသား ၁၂ ဦး ပြစ်ဒဏ် ချမှတ်ခံရ

မူစလင်အမျိုးသား ၁၂ ဦးဖြစ်ကြသော ကိုစိုးလွင် ခေါ် ကိုအားတေလေ၊ ကိုတင်ဦး ခေါ် ကိုအာလီ၊ ကိုစိုးပိုင် ခေါ် ကိုအိုမိုင်း၊ ကိုမောင်မောင်မင်း ကို ခေါ် ကိုဟာဘီဘိုလာ၊ ကိုဝေယံမင်း ခေါ် ကိုမိုဟာမက်ဟာဆန်၊ ကိုစိုးမိုးအောင် ခေါ် ကိုအူမန်၊ ကိုသန်းဝင်းနိုင် ခေါ် ကိုစာမိ၊ ကိုတင်အောင် ခေါ် ကိုဇာနည်ထွန်း၊ ကိုကျော်စိုး ခေါ် ကိုညီညီ၊ ကိုနေမင်းထွန်း ခေါ် ယာစင်၊ ကိုအောင်မျိုးနိုင် ခေါ် ရာရှစ် နှင့် ကိုဟာစန် ခေါ် ကိုကို တို့ကို နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်စေမှု၊ အရေးပေါ် စီမံခန့်ခွဲခြင်းဥပဒေ ပုဒ်မ ၅/ည ဖြင့် မန္တလေးတိုင်း၊ အောင်မြေ သာစံမြို့နယ်တရားရုံးမှ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ထောင်ဒဏ် ခုနှစ်စီပြစ်ဒဏ်ချမှတ်ခဲ့သည်။

၎င်းတို့သည် တရားမဝင် လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာမူစလင်တပ်မတော်မှ ပို့ချသည့် သင်တန်းကို တက်ရောက် သည်ဟု စွပ်စွဲခံရပြီး ထိုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ Fortify Rights ကဲ့သို့သော လူအခွင့်အရေး အဖွဲ့အစည်းများမှ ကြားနာမှုကို စောင့်ကြည့်လျက်ရှိသည်။

ထိုအမျိုးသားများသည် ၂၀၁၄ ခုနှစ်၊ နိဝင်ဘာလ ၁၄ ရက်နေ့မှ ဒီဇင်ဘာလ ၂၆ ရက်နေ့ကြားတွင် ဖမ်းဆီး၊ ထိန်းသိမ်းခံခဲ့ရသည်။ ကိုစိုးမိုးအောင်သည် ညှဉ်းပမ်းနှိပ်စက်ခြင်းကို ခံခဲ့ရ၍ ဝန်ခံခဲ့ခြင်းဖြစ်ပြီး သူအား အာဏာပိုင်များမှ ထိန်းသိမ်းထားစဉ်တွင်း ရိုက်နှက်ခြင်း၊ အစာနှင့်ရေ ဖြတ်ထားခြင်း၊ မူးယစ်ဆေးများတိုက်ကျွေးခြင်း၊ တစ်ပတ်ခန့်ကြာ စစ်ကြောရေးလုပ် နေစဉ်တွင်း အမည်မသိ ဆေးများထိုးခြင်း တို့ကို ခံခဲ့ရသည်ဟု ကြားနာမှုတွင်း ထွက်ဆိုခဲ့သည်။ Fortify Rights

မှထုတ်ပြန်သော သတင်းအချက်အလက်များအရ သူ့ကို ဝန်ခံချက်တွင် လက်မှတ်ရေးထိုးရန် အတင်းအကြပ်၊ ဖိအားပေးခဲ့သည်ဟု ကိုစိုးမိုးနိုင်မှ စွပ်စွဲခဲ့သည့်ပြင် သူလက်မှတ်ထိုးခဲ့သော စာရွက်အား ဖတ်ရန် ခွင့်ပြုခြင်း မခံခဲ့ရပါဟုလည်း ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်၊ The Intercept

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ Fortify Rights

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ မြန်မာတိုင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ Al Jazeera

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ ဒီဗွီဘီ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ မဇ္ဈိမ

ထောင်မှ လွတ်မြောက်မှုများ

ကချင်လယ်သမားတစ်ဦး လွတ်မြောက်၊ စစ်တပ် အချုပ်ခန်းတွင် နှိပ်စက် ခံရသည်ဟု အသေးစိပ်ပြောကြား

ကချင် စစ်ဘေးရှောင် ဒုက္ခသည် စခန်းတွင် ခိုလှုံနေသူ အသက် ၂၅ နှစ်အရွယ်ရှိ ဦးဘရန်ရုန်းသည် ကချင်လွတ်မြောက်ရေး တပ်မတော်၏ အဆင့်မြင့် အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု စွပ်စွဲခံခဲ့ရပြီး ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် စစ်တပ်မှ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တွင် မြစ်ကြီးနား အကျဉ်းထောင်၌ ထောင်ဒဏ် ၂၁ နှစ်ကျခံစေရန် ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီး ဒီဇင်ဘာလ ၂၈ ရက် နေ့တွင် သူသည် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။

အောက်တိုဘာလတွင် နေပြည်တော် တရားလွှတ်တော်ချုပ်မှ သူ၏ ပြစ်ဒဏ်ကို ပယ်ဖျက်ခဲ့သော်လည်း သူသည် နှစ်လနီးပါး ကြာ အကျဉ်းထောင်တွင်းတွင် နေထိုင်ခဲ့ရသည်။ သူ့အား လွှတ်ပေးရန် နှောင့်နှေးနေခြင်းသည် တရားရုံးအမှုတွဲများ၌ သူ၏ အကျဉ်းသား နံပါတ်၊ ဂဏန်းတစ်ခုကို မှားယွင်းပုံနှိပ်မိခြင်းအတွက်ဖြစ်သည်။ သူသည် ဦးလဖိုင်ဂမ်၊ တစ်ခြားအမျိုးသားနှစ်ဦးတို့နှင့်အတူ ရွှေစက်ဒုက္ခသည်စခန်းအပြင်ဘက်တွင် နွားကျောင်းနေစဉ် ၂၀၁၂ ခုနှစ်၊ ဇွန်လတွင် အမှတ် ၃၇ ခြေလျင်တပ်ရင်းမှ ၎င်းတို့ကို ဖမ်းဆီးခဲ့ပြီး သုံးနှစ်ကြာ အကျဉ်းကျခံခဲ့ရသည်။ ၎င်းတို့ကို ကချင်လွတ်မြောက်ရေး တပ်မတော်၏ အဆင့်မြင့်အရာရှိများဖြစ်သည်ဟု စွပ်စွဲခဲ့ပြီး ဦးဘရန်ရုန်းသည် ပုဒ်မများစွာဖြင့် ထောင်ဒဏ် ၂၁ နှစ်၊ ဦးလဖိုင်ဂမ်သည် ထောင်ဒဏ် ၂၀ နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ တစ်ခြားအမျိုးသားနှစ်ဦးသည် ထောင်ဒဏ်အနည်းငယ် ချမှတ်ခံရပြီးနောက် ပြန်လည် လွတ်မြောက်လာခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဦးဘရန်ရုန်းနှင့် ဦးလဖိုင်ဂမ်တို့ကို ဖမ်းဆီးထိန်းသိမ်းထားစဉ်တွင် ၎င်းတို့သည် ဝန်ခံချက်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီ၌ တပ်မတော်လုံခြုံရေးရာဌာနမှ ၎င်းတို့ကို လူမဆန်စွာ ရုပ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဟု ၎င်းတို့၏ မိသားစုဝင်များထံမှ သိရှိရသည်။ ဦးဘရန်ရုန်းသည် လက်ထိတ်ခတ်ခံရစဉ်တွင် ဦးလဖိုင်ဂမ်နှင့် လိင်ဆက်ဆံရန် ဖိအားပေးခံခဲ့ရပြီး ရိုက်နှက်၊ ကန်ကြောက်ခံခဲ့ရသည်ဟုဆိုပြင် ဓာတ်ဆီရောထားသည့်ရေကို သောက်ရန် ဖိအားပေးခြင်းလည်း ခံခဲ့ရသည်။ ၎င်းတို့၏ ရှေ့နေဖြစ်သူ ဦးမာခါးမှ အပြစ်မဲ့ပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ အာဏာရှင်ဆန်စွာ ဖမ်းဆီးခြင်းကို ရပ်တန့်ရန်၊ ညှဉ်းပန်းနှိပ်စက်မှုကြောင့် စိတ်ဒဏ်ရာရနေသူများကို အစိုးရနှင့် စစ်တပ်မှကူညီ ထောက်ပံ့ရန် တောင်းဆိုခဲ့သည်။

ဦးလဖိုင်ဂမ်မှာမှု အကျဉ်းကျခံနေရဆဲ ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ ဇရောဝတီ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ဇရောဝတီ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ 7 Day Daily/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ဗွီအိုအေ/မြန်မာ]

မှုတ်ဆေးဖြင့် စာများရေးသားခဲ့သော ကျောင်းသားလေးဦးအနက် သုံးဦး ပြန်လည်လွတ်မြောက်

မန္တလေးရတနာပုံတက္ကသိုလ်ရှေ့ မုဒိဦးတွင် မှုတ်ဆေးဖြင့် အစိုးရကို ဆန့်ကျင်သော စာများ ရေးသားခဲ့သောကြောင့် ပြစ်ဒဏ်ချမှတ်ခံရ၍ ထောင်ဒဏ်ကျခံပြီးသော ကျောင်းသား လေးဦးအနက် သုံးဦးသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မန္တလေး အိုးဘိုအကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။

ကိုနိုင်ရဲဝေ၊ ကိုအောင်ဆန်းဦး၊ ကိုဂျစ်တူးနှင့် ကိုဉာဏ်လင်းထက်တို့သည် ဇွန်လ ၂၆ ရက်နေ့တွင် အမျိုးသား ပညာရေး ဥပဒေမူကြမ်းကို ဆန့်ကျင်ဆန္ဒပြခဲ့ခြင်းအတွက် ဇူလိုင်လ ၁ ရက်နေ့၌ ဖမ်းဆီးခံခဲ့ရပြီး အောက်တိုဘာလ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် တရားရုံးမှ အပြစ်ရှိကြောင်း တွေ့ရှိ၍ ငြိမ်းစု၊စီ ဥပဒေပုဒ်မ ၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၅၀၅/ခ တို့ဖြင့် ထောင်ဒဏ် ၁၂ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံရမည်ဖြစ်သောကြောင့် ထောင်ဒဏ်ခြောက်လ လျော့ပေါ့ကျခံရမည်ဖြစ်သည်။ ၎င်းတို့၏ ကောင်းမွန်သော အမူအကျင့်များကြောင့် လွတ်ရက်မတိုင်မီ တစ်ပတ်အလို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထောင်မှလွတ်မြောက်ခဲ့သည်။

ကိုနိုင်ရဲဝေသည် ဖေဖော်ဝါရီလတွင်း ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ငြိမ်းစု၊စီ ဥပဒေဖြင့် ထောင်ဒဏ် သုံးလ သီးခြားကျ ခံနေရဆဲဖြစ်သည်။

ကျောင်းသားများသည် တက္ကသိုလ် စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖောက်ခဲ့ခြင်းကြောင့် ပညာသင်ကြားခြင်းမှ ရပ်ဆိုင်းခံခဲ့ရပြီး ကျောင်းပြန်ဝင်ခွင့်ရရန် မဖြစ်နိုင်ကောင်း မဖြစ်နိုင်ပါဟု သိရှိခဲ့ရသည်။ ကျောင်းသားများသည် အယူခံတစ်ရက်သာ ဝင်ခွင့်ရခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူအခွင့်အရေးကော်မရှင်ထံသို့ အသနားခံစာ တင်ပြမည်ဟု ပြောကြားပြီးနောက် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မန္တလေး ရတနာပုံတက္ကသိုလ်၏ အုပ်ချုပ်ရေးဌာနမှ ကျောင်းသားများ ပညာဆက်သင်ရန် ကျောင်းဝင်ခွင့်ပြုကြောင်း တရားဝင်စာ ထုတ်ပြန်ခဲ့သည်။

ကိုအောင်ဆန်းဦး၊ ကိုဂျစ်တူးနှင့် ကိုဉာဏ်လင်းထက်တို့သည် အမျိုးသား ပညာရေး ဥပဒေ ပြုပြင်ပြောင်းလဲရန်အတွက်နှင့် မတ်လ ၁၀ ရက်နေ့၊ လက်ံပံတန်းကျောင်းသားသပိတ်အား အကြမ်းဖက်ဖြိုခွင်းပြီးနောက် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီထောင်တွင် ထိန်းသိမ်းခံထားရသော ကျောင်းသားများအတွက် ၎င်းတို့၏ လှုပ်ရှားမှုများကို ဆက်လက်ပြုလုပ်ရန် စီစဉ်ထားသည်။

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၊ ဒီဗွီဘီ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၊ ဇရောဝတီ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၊ ဇရောဝတီ]

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့၊ အီလဲဗင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၊ မြန်မာတိုင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ ဇရောဝတီ/မြန်မာ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ ဇရောဝတီ

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့၊ မြန်မာတိုင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ ဇရောဝတီ

အလုပ်သမားသမဂ္ဂခေါင်းဆောင်တစ်ဦး လွတ်ရက်စေ့သဖြင့် ထောင်မှ ပြန်လည်လွတ်မြောက်

အလုပ်သမားသမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်သူ၊ ဖို့ဂလိုရီအထည်ချုပ်စက်ရုံမှအလုပ်သမားဟောင်း မဝင်းပပသည် ရွှေပြည်သာစက်မှုဇုံတွင် စက်ရုံငါးခုမှ စက်ရုံအလုပ်သမားများကို ထုတ်ပယ်ခြင်းနှင့် မတရားသော လုပ်ခလစာများကို ဆန့်ကျင် ဆန္ဒပြခြင်းအတွက် ငြိမ်းစု၊စီဥပဒေဖြင့် ကျောက်တံတားမြို့နယ်တရားရုံးမှ သြဂုတ်လ ၁၇ ရက်နေ့တွင် ထောင်ဒဏ် လေးလ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် သူမသည် လွတ်ရက်စေ့သဖြင့် အကျဉ်းထောင်မှ ပြန်လည် လွတ် မြောက်လာခဲ့သည်။
နိုင်ဇော်၏ Facebook စာမျက်နှာ

ကိုသိန်းအောင်မြင့် ထောင်မှ လွတ်မြောက်

အိုးဘိုအကျဉ်းထောင်တွင် ထောင်ဒဏ်တစ်နှစ်ကျခံနေရသော ကိုသိန်းအောင်မြင့်သည် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ သူသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် လျှပ်စစ်မီတာခများတိုးမြှင့် ကောက်ခံခြင်းကို ဆန့်ကျင်၍ ဦးဆောင် ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်းစု၊စီဥပဒေပုဒ်မ ၁၈ ဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် နေ့တွင် မွန္တလေး၊ ချမ်းအေးသာစံမြို့နယ်တရားရုံးမှ ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့ပြင် သူသည် စစ်သားများ ပစ် ခတ်မှုကြောင့် သေဆုံးသွားသော အလွတ်သတင်းထောက် ကိုပါကြီး သေဆုံးမှုကို ဖော်ထုတ်ပေးရန် ၂၀၁၄ ခုနှစ်၊ အောက်တို ဘာလ ၂၇ ရက်နေ့တွင် ခွင့်ပြုချက်မရှိပဲ ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်းစု၊စီဥပဒေဖြင့်ပင် အောင်မြေသာစံမြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်နေ့တွင် ထောင် ဒဏ်ခြောက်လ ချ မှတ်ခြင်းကို ခံခဲ့ရသည်။ အစာအိမ်ရောဂါနှင့် ဆီးကျောက်တည် ရောဂါများ ခံစားနေရသော်လည်း သူသည် ပြစ်ဒဏ်များအတွက် အယူခံမဝင်ခဲ့ပါ။ ထောင်တွင်းတွင် ဆေးကုသမှု လုံလောက်စွာ မရရှိသော ကြောင့် သူ၏ရောဂါများသည် ပိုမို ဆိုးရွားလာခဲ့သည်။
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ Amnesty

ထောင်တွင်းအခြေအနေများ

ဆန္ဒပြ ကျောင်းသားများကို ဆေးရုံသို့ ပို့ဆောင်၊ ကျန်းမာရေး အခြေအနေစိုးရိမ်ရသော်လည်း နောက်ပိုင်းတွင် အကျဉ်း ထောင်သို့ ပြန်လည် ပို့ဆောင်ခံရ

သာယာဝတီ အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဆန္ဒပြကျောင်းသား ရှစ်ဦးဖြစ်သော ကိုခင်မောင်ဝင်း၊ ကိုမင်းမင်းဇော်၊ ကိုဘိုဘိုမျိုး၊ ကိုမျိုးထက်ပိုင်၊ ကိုတေဇာထွန်း ကိုဝေယံထွန်း၊ ကိုကျော်စွာလင်းနှင့် မဟန်နီဦးတို့ကို ကျန်းမာရေး စစ်ဆေးရန် ရန်ကုန် ဆေးရုံကြီးသို့ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပို့ဆောင်ခဲ့သည်။ သာယာဝတီဆေးရုံတွင် ပြည့်စုံ လုံလောက်သော ကျန်းမာရေး စစ်ဆေးမှုများ မရှိဟု ထိန်းသိမ်းခံထားရသော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမင်းသွေးသစ်၏ မိခင်ဖြစ်သူမှ ပြောကြားခဲ့သည်။ ကျောင်းသားများသည် မတ်လတွင်းတွင် ရဲများ၏ ရိုက်နှက်ခြင်းကို ခံခဲ့ရသည့်အတွက် နောက်ဆက်တွဲ အကျိုးဆက်အနေဖြင့် ပြင်းထန်သော ဝေဒနာများကို ခံစားနေရသည်ဟု ကျောင်းသားများကို စမ်းသပ်ခဲ့သည့် ပြင်ပဆရာဝန်မှ မှတ်ချက်ပြုခဲ့သည်။ ထိုမျှသာမက တစ်ချို့ကျောင်းသားများသည် အသည်းရောင်ရောဂါ သို့မဟုတ် တီဘီရောဂါများရှိသည်ကို တွေ့ရှိ ရသည်။

သို့သော်လည်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှု ခံယူခဲ့သော ကိုမျိုးထက်ပိုင်၊ ကိုဝေယံထွန်း၊ ကိုကျော်စွာလင်း၊ ကိုဘိုဘိုမျိုး၊ ကိုခင်မောင်ဝင်းနှင့် ကိုတေဇာထွန်းတို့ကို ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် သာယာဝတီအကျဉ်းထောင်သို့ ပြန်လည် ပို့ဆောင်ခဲ့ပြီး ကျောင်းသားခေါင်းဆောင် ကိုအောင်မိုင်းဆန်း၊ မဟန်နီဦးနှင့် ကိုမင်းမင်းဇော်တို့ကို ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်ပင် သာယာဝတီအကျဉ်းထောင်သို့ ပြန်လည်လွှဲပြောင်းခဲ့သည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် သာယာဝတီမြို့နယ်တရားရုံး၊ ရုံးချိန်း အတွင်း၌ ကိုဘိုဘိုမျိုး၊ ကိုဝေယံထွန်းနှင့် ကိုမောင်သိန်း တို့သည် ထပ်မံ၍ ဆေးကုသမှုခံယူရန် အာမခံလျှောက်ထားခဲ့သော်လည်း ပယ်ချခြင်းကို ခံခဲ့ရသည်။

ထို့ပြင် ဆန္ဒပြကျောင်းသားများဖြစ်သော ကိုမင်းသွေးသစ်၊ ကိုမာနော်၊ ကိုမြကြီးနှင့် ကိုထိန်လင်းအောင်တို့သည် အစာအိမ်၊ ကျောက်ကပ်၊ ဝမ်းဗိုက်ပြဿနာများနှင့် လေတစ်ခြမ်းဖြတ်ချင်သော လက္ခဏာပြသောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပို့ဆောင်ခြင်းခံခဲ့ရသည်။

သာယာဝတီ ထောင်တွင်းတွင် ထိန်းသိမ်းခံထားရသော ကျောင်းသားသပိတ်ကို ဝန်းရံသူတစ်ဦးဖြစ်သူ ကိုမြကြီးသည် လက်ပံတန်း ကျောင်းသားသပိတ်ကို အကြမ်းဖက်ဖြိုခွင်းစဉ်အချိန်က ရိုက်နှက်ခံရသောကြောင့် ပါးရိုးအက်၍ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။ ရောဂါရှာဖွေစစ်ဆေးရန် ဒီဇင် ဘာလ ၁၄ ရက်နေ့တွင် MRI ရိုက်ခဲ့ပြီး ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အဖြေသိရှိရမည်ဖြစ်သည်။ ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်ဖြစ်သူမှ ကိုမြကြီးသည် ဦးခေါင်းခွံအက်နေသည်ဟု ပြောကြားခဲ့ပြီး ဖြစ်သည်။ ကိုမြကြီး၏ရှေ့နေဖြစ်သူသည် ဒီဇင်ဘာလ ၁၅ ရက်နေ့ ရုံးချိန်းတွင် အယူခံတင်သွင်းခဲ့ သော်လည်း သာယာဝတီ ခရိုင် တရားသူကြီးမှ ဒီဇင်ဘာလ ၂၂ ရက် နေ့ ရုံးချိန်းတွင် ပယ်ချခဲ့သည်။ ကိုမြကြီးသည် ရန်ကုန်အထွေထွေဆေးရုံကြီး၌ တက်ရောက်၍ ဆေးကုသမှု ခံယူနေရဆဲဖြစ်သည်။

ဆယ်တန်း ကျောင်းသားတစ်ဦး ဖြစ်သူ ကိုခန့်အောင်နှင့် တက်ကြွလှုပ်ရှားသူ ကိုတေဇာထွန်းတို့သည် အာမခံရရှိခဲ့ပြီး ကိုခင်မောင်ဝင်း၏ အာမခံသည် စာရွက်စာတမ်း မပြည့်စုံခြင်းကြောင့် ပယ်ချခြင်းကိုခံခဲ့ရသည်။

ကိုမင်းသွေးသစ်၊ ကိုမာနော်၊ ကိုထိန်လင်းအောင်နှင့် ကိုမြကြီးတို့သည် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေဆဲ ဖြစ်သည်။

အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ခဲ့ခြင်းကို ခံခဲ့ရသော ကျောင်းသားများသည် ကျန်းမာရေးပြန်လည်ကောင်းမွန်ခြင်းမရှိသေးပဲ တစ်ဦး သို့မဟုတ် နှစ်ဦးသာ ပြန်လည် ကျန်းမာခဲ့ပြီး အများစုသည် ဆေးကုသမှုခံယူရန် လိုအပ်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။ နာမကျန်းကျောင်းသားများ ဆေးရုံတွင် တစ်ရက် သို့မဟုတ် နစ်ရက်ခန့် ဆက်နေ၍ ဆေးကုသမှု ခံယူရန် တောင်းဆိုခဲ့သော်လည်း အာဏာပိုင်များ သည် ၎င်းတို့ကို အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။

အထူးကုဆရာဝန်များနှင့် ဆေးကုသမှုခံယူရန် သာယာဝတီဆေးရုံ ဆရာဝန်များမှ မှတ်ချက်ပြုထားသော ကိုမေတ္တာဦး၊ ကိုဆန်းလွင်ဦး၊ ကိုသော်ဇင်ထွန်း၊ ကိုမောင်မောင်သိန်း၊ ကိုအောင်မျိုးဦး၊ ကိုရန်ပိုင်စိုးနှင့် ကိုခင်မောင်ဝင်းတို့သည် ထောင်ဆရာဝန်၏ သဘောတူညီချက်မရရှိသေးသောကြောင့် ဆေးကုသမှု ခံယူရန် ငြင်းပယ်ခြင်းခံရပြီး ထောင်သို့ပြန်လည်ပို့ ဆောင်ခြင်းခံခဲ့ရသည်။ ထိုမျှသာမက ရန်ကုန်အထွေထွေဆေးရုံကြီးတွင် ဆေးစစ်ချက်အရ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုအောင်မိုင်းဆန်းသည် အသည်းရောင်ရောဂါ စီ ခံစားနေရသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၊ အီလဲဗင်း/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၊ ဇရာဝတီ/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့၊ ဇရာဝတီ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့၊ ဗွီအိုအေ/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့၊ ဒီဗွီဘီ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ Daily Eleven ၏ Facebook စာမျက်နှာ
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော မြန်မာ့အသံ/မြန်မာ

ပက်ထရစ်ကွမ်ဂျာလီ အာမခံငြင်းပယ်ခံထားရဆဲ၊ သူ့အား ဆန့်ကျင်၍ စွဲဆိုထားသော စွဲချက်များမှ ပယ်ဖျက်နိုင်ဖွယ်မရှိ

